# ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲကျင်းပ

နေပြည်တော်၊ ဒီဇင်ဘာလ (၁၇) ရက်

၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲကို ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်း ခန်းမ၌ ကျင်းပသည်။

## ၉၆ ပွဲမြောက်

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပြပွဲ ၉၅ ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲ ၁၉ ပွဲ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုကျင်းပသည့် ၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်စိမ်း အတွဲများ ပြပွဲသည် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ၉၆ ပွဲမြောက်ဖြစ်ကြောင်း သိရသည်။

ပြပွဲပထမနေ့တွင် ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် နံနက် ၉ နာရီမှ စတင်၍ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း အတွဲများနှင့် ခန်းမအပြင်၌ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများကို စိတ်ကြိုက် ကြည့်ရှုလေ့လာကြသည်။

## ရောင်းချပေးသွားမည်

ယခုပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲများအတွက် အနိမ့်ဆုံး အခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပြီး ကျောက်စိမ်းအတွဲများအတွက် သတ်မှတ်ထားသည့် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရိုငွေ ၅၀၀၀ ဖြစ်ကြောင်း၊ ပုလဲအတွဲများကို ဒီဇင်ဘာ ၁၈ ရက် နှင့် ၁၉ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ကျောက်စိမ်း အတွဲများကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကာ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက် အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေး သွားမည်ဖြစ်ကြောင်း သိရသည်။